# ပုဒ်မ ၄ အရ အကူအညီ

ဧပြီ ၂၀၁၁

Section 4 support - Burmese

HAPPY TO TRANSLATE

**ပုဒ်မ ၄ အရ အကူအညီ ဟူသည် အဘယ်နည်း။**

သင်၏ ခိုလှုံခွင့်သည် လုံးဝ ငြင်းပယ်ခံရလျှင်၊ ပြည်ထဲရေးရုံးမှ သင်ရနေသည့် အထောက်အပံ့သည် ရပ်တန့် သွားမည်။ ဤအကြောင်း အသိပေးရန် ပြည်ထဲရေးရုံးသည် သင့်ထံစာပို့ မည်။ သို့သော် သင်သည် ပုဒ်မ ၄ အထောက်အပံ့ ခံစားခွင့် ရှိကောင်းရှိမည်။ ပုဒ်မ ၄ အကူအညီသည် ပြည်ထဲရေးရုံးမှ ထောက်ပံ့ သည့် ရေတို အကူအညီဖြစ်သော်လည်း၊ သင် ယခင်ရနေခဲ့သည့် အကူအညီများနှင့်မတူ ခြားနားမှု များစွာရှိသည်။

၁ **။ မိုးပြာ ရောင်ကတ်ပြား ၊** သင်သည် ငွေသားလုံးဝရရှိမည်မဟုတ်။ သင်၏ တစ်ပတ်တာထောက်ပံ့ကြေးကို သင်၏ မိုးပြာရောင်ကတ် အာဇူးရ် ငွေချေကပ်တွင် ဖြည့်သွင်းပေးမည်။ အာ့စ်ဒါနှင့် တက်စ်ကို့ အပါအဝင် အချို့ ဆိုင်များတွင် အစားအသောက်၊ ရေချိုးခန်းသုံး ပစ္စည်းများ၊ သန့်ရှင်းရေး ပစ္စည်းများ စသည့် အခြေခံ စားသုံးကုန် ပစ္စည်းများဝယ်ယူနိုင်မည်။

၂ **အိပ်ခန်းကို အခြားသူနှင့်အတူ မျှနေခြင်း။** အကယ်၍ သင်သည် အိမ်ထောင်မရှိလျှင် သင်သည် အိပ်ခန်းကို အခြားလိင်တူတစ်ဦး နှင့် အတူ မျှ နေကောင်း နေရလိမ့်မည်။

၃ **အိုးအိမ် ရွေးချယ်ခွင့်မရှိ ၊** သင်သည် နေထိုင်ရန် အခန်း တစ်ခါသာ ရမည်ဖြစ်ပြီး ငြင်းပယ်ပါက သင်၏ ထောက်ပံ့ ငွေကို ရပ်ဆိုင်းမည်။ နှင့်

၄ **ထောက်ပံ့ မှု(ငွေ) သက်သက်သာ ပေးရန် ရွေးချယ်ပိုင်းခွင့်မရှိ၊** သင်သည် ကိုယ်တိုင်အိမ်နေရာထိုင်ခင်းကို ရွေးလျှင် ပုဒ်မ ၄ အထောက်အပံ့ ဘောက်ချာများ မရှိနိုင်ပေ။

**ပုဒ်မ ၄ အထောက်အပံ့တွင် မည်သူ တို့ အကျုံးဝင်သနည်း။**

သင်သည် ကြုံရာမရ အတိဒုက္ခရောက်နေပြီး အောက်ပါ အချက်အလက် **တစ်ခုခု**တွင် အကျုံးဝင်လျှင် စကော့တစ်ရှ် ဒုက္ခသည်များ ကောင်စီသည် သင့်အား ပုဒ်မ ၄ အကူအညီ လျှောက်ထားရေးတွင် ကူညီနိုင်သည်။

၁ **ခိုလှုံခွင့်အမှုသစ် စတင်လျှောက်ခြင်း ၊ လူ့ အခွင့်အရေး လျှောက်ထားခြင်း**၊ သင်၏ ဥပဒေအကျိုးဆောင်သည် ခိုလှုံခွင့်အမှုသစ် လျှောက်ထားပြီးဖြစ်လျှင်။ သို့ မဟုတ် နောက်ကျနေသော အယူခံလွှာကို လျှောက်တင်ပြီးဖြစ်လျှင်။ လျှောက်ထားချက်သည် တင်ပို့ ပြီးဖြစ်ရမည် ၊ တင်ပို့ ပြီးသော စာရွက်စာတမ်းအားလုံး၏ မိတ္တူ တစ်စောင်စီ ကို ကျွန်ုပ်တို့ လိုအပ်သည်။

၂ **တရားရေးဆိုင်ရာ ပြန်လည်ပြင်ဆင်မှု ။** သင်၏ ဥပဒေအကျိုးဆောင်သည် စက်ရှင်(တရား)ရုံး သို့ အမှုတင်လျှောက်ပြီးဖြစ်လျှင်၊ သင်၏ ရှေ့ နေထံမှ ယင်း လျှောက်ထားချက် စာရွက်စာတမ်းအားလုံး၏ မိတ္တူကို ကျွန်ုပ်တို့ ထံယူဆောင်လာပါ။

၃ **ခရီးသွားရန် ကျန်းမာရေးမပြည့်စုံမှု။** သင်၏အမိနိုင်ငံသို့ ပြန်ရန် ကျန်းမာရေးအခြေအနေအရ ခရီးမထွက် နိုင်လျှင်။ ဤကိစ္စဆုံးဖြတ်ရန် တန် ့ သတ်ချက်များသည် အလွန်တင်းကြပ်သည်။ သင်သည် ဂုလအထက် ကိုယ်ဝန်ရှိရမည်၊ သို့ မဟုတ် သင်သည် ခရီးထွက်ရန် ကျန်းမာရေး မပြည့်စုံဟု ဆရာဝန်က ရေးသားထားသည့်မှတ်တမ်း ရှိရမည်။ အခြား ကျန်းမာရေး အခြေအနေများကို ကျန်းမာရေးဆိုးရွားလှသည်ဟု မစဉ်းစားတတ်ပေ။

၄ **အန္တရာယ်ကင်းသော ပြန်လမ်း မရှိခြင်း။** ဤကန့် သတ်ချက်များနှင့် ကိုက်ညီရန် အလွန်ခက်ခဲသည်။ ပြည်ထဲရေးရုံးအဆိုအရ လတ်တလော ယင်းအချက်နှင့် အကျုံးဝင်သည့် နိုင်ငံသည် မရှိ။ ကျွန်ုပ်တို့ ၏ အကြံပေး သို့ မဟုတ် ဥပဒေ အကျိုးဆောင်သည် သင့်အား ယင်းအခြေအနေသည် ပြောင်းလဲမှု ရှိမရှိ ပြောပြနိုင်ပေမည်။ သို့ မဟုတ်

၅ **ဗိဗိစိတ်အလိုအလျောက်ပြန်ခြင်း ၊** သင်သည် အမိနိုင်ငံသို့ ပြန်ရန် ခြေလှမ်းလှမ်းနေသည်ကို သက်သေပြနိုင်လျှင်။
(အောက်တွင်ဖေါ်ပြထားသည့် –အမိနိုင်ငံသို့ ပြန်လည်ခရီးနှင်ခြင်း –– ကို ကြည့်ပါ။)

**ကြံုရာမရ အတိ ဒုက္ခရောက်နေမှုအတွက် သက်သေအထောက်အထား**

ပုဒ်မ ၄ တွင် အကျုံးဝင်နိုင်ရန် သင်သည် အခြားမည်သို့သော အထောက်အပံ့ အကူအညီမှ ရရှိမနေရ။ အကယ်၍ သင်သည် မိတ်ဆွေအပေါင်းအသင်း ဆွေမျိုး သို့မဟုတ် ဘာသာရေးအဖွဲ့ အစည်းတစ်ခုခု၏ အကူအညီကို ရခဲ့ ဖူးပြီး ယခုအဘယ်ကြောင့် သူတို့ မှ ဆက်လက်မထောက်ပံ့နိုင်သည်ကို ရှင်းပြရန် လိုမည်။

ယင်းသည် သင်၏ အခြေအနေဖြစ်လျှင်၊ သင့်အားကူညီခဲ့ ဖူးသူများထံမှ စာများ ကျွန်ုပ်တို့ ထံ ယူလာပါ။ သူတို့ မည်သူမည်ဝါ ဖြစ်သည် ဆိုသည့်အချက်၊ သူတို့ သင့်အား မည်သို့ ကူညီခဲ့သည်၊ ဘယ်လောက်ကြာကြာကူညီခဲ့သည် နှင့် အဘယ်ကြောင့် ဆက်လက် မကူညီနိုင်တော့သည် ဆိုသည့်အကြောင်း စာများယူလာပါ။ နောက်ဆုံးအချက်သည် အထူး အရေးကြီးသည်။

**ပုဒ်မ ၄ လျှောက်ထားခြင်းသည် မည်မျှ အချိန်ကြာသနည်း။**

သင်၏ လျှောက်လွှာကို ပြည်ထဲရေးရုံးမှ အသင့်ပြင်ဆင်ရန် ရက်သတ္တပတ် အနည်းငယ် ကြာနိုင်သည်။ အမှု မည်သည် အဆင့် သို့ ရောက်နေသည်ကို ကျွန်ုပ်တို့ မှ ပုံမှန် စုံစမ်းပြီး၊ ဆုံးဖြတ်ချက်ကို သိလျှင်သိချင်း သင့်ထံ အကြောင်းကြားပါမည်။ ထိုအတွက်ကြောင့် ကျွန်ုပ် တို့ တွင် သင့် အား ဆက်သွယ်ရန် လိုအပ်သည့် အချက်အလက်အသေးစိတ်ရရှိထားသည်ကို သေချာအောင်လုပ်ပါ။ တစ်ခုခုအပြောင်းအလဲရှိလျှင် ချက်ချင်း ဆက်သွယ်ပါ။ သင်၏ အမှုအခြေအနေကို သိရှိရန် သင်သည် ကျွန်ုပ်တို့ ရုံးသို့ လူကိုယ်တိုင်လာရန် မလိုပေ။ ဆန္ဒရှိပါက ကျွန်ုပ်တို့ ၏ အခမဲ့ ဖုန်း ၀၈၀၀ ၀၈၅ ၆၀၈၇ (ကြိုးဖုန်းမှဆက်လျှင် အခမဲ့ ၊ လက်ကိုင်ဖုန်းဖြင့် မဟုတ်) သို့ ဆက်နိုင်ပါသည်။

သင့်အား ပုဒ်မ ၄ အထောက်အကူ အတွက် လက်ခံလျှင်၊ သင်၏ အိမ်ခန်းပိုင်ဆိုင်ထိန်းသိမ်းသူသည် သင့်အားဆက်သွယ်၍ သင်နေထိုင်ရမည့် အိမ်ခန်းသို့ သွားရန်သင်နှင့် ရက်ချိန်းယူမည်။

အိမ်ခန်းတာဝန်ခံကိုယ်စားလှယ်သည် သင့်အား အခန်းကို ပြသမည်၊ သင့်အား ဆက်သွယ်ရန် အချက်အလက်များပေးကာ၊ အိမ်ခန်းငှားရမ်းခြင်းသဘောတူချက်တွင် လက်မှတ်ရေးထိုးခိုင်းမည်။ အိမ်ခန်းတာဝန်ခံသည် သင်၏ ငှားနေသောအိမ်ခန်းကို ပွမ်းမံထိန်းသိမ်းရေးအတွက် တာဝန်ရှိသည်။ အိုးအိမ်ခန်းဆိုင်ရာ မေးမြန်းစရာရှိလျှင် သင့်အား ပေးထားသည့် အချက်အလက်များကို သုံး၍ အိမ်ခန်း တာဝန်ခံကိုယ်စားလှယ်ထံ ဆက်သွယ်ပါ။

**အယူခံမှုများ**

သင်၏ လျှောက်လွှာကို ငြင်းပယ်ခဲ့လျှင်၊ သင်၏ ကိုယ်စား ကျွန်ုပ်တို့ သည် အယူခံတင်ပေးနိုင်ကောင်း တင်ပေးနိုင်မည်။ ယင်းသည် ပြည်ထဲရေးရုံးမှ သင့်အား ငြင်းရခြင်း အကြောင်းပြချက်များ ပေါ်တွင် မူတည်မည်။ အယူခံသည် လန်ဒန်ရှိ ခယိုင်ဒန်၊ တွင်ရှိသည့် သီးခြားလွတ်လပ်သည့် အဖွဲ့ ့အစည်းဖြစ်သည့် ( ခိုလှုံခွင့် အထောက်အကူပြု) ပထမအဆင့်ခုံရုံး First Tier Tribunal (Asylum Support) သို့ ရောက်မည်။ သင်၏ အမှုကို သင်လျှောက်လဲလိုလျှင် အယူခံမှုသို့ တက်ရောက်နိုင်ရန် တောင်းဆိုနိုင်သည်။ သင်သည် တက်ရောက်လိုသည်ဟုပြောလျှင် ပြည်ထဲရေးရုံးသည် သင်၏ ခရီးစရိတ် နှင့် တည်းခိုစရိတ်များအတွက် အကုန်အကျခံမည်။

**သင့် အမိနိုင်ငံသို့ ပြန်မည်လော။**

အမိနိုင်ငံသို့ ပြန်ရေးနှင့် ပတ်သက်၍ အကူအညီ ရှာဖွေလိုလျှင် ဂလော့စ်ဂိုရှိ အပြည်ပြည်ဆိုင်ရာ နိုင်ငံကူးခြင်းဆိုင်ရာအဖွဲ့ International Office of Migration သို့ အောက်ပါလိပ်စာအရ ဆက်သွယ်နိုင်ပါသည်။

**International Office of Migration (IOM)**
38 Queen Street, Glasgow
တယ်လီဖုံးဖြင့် ရက်ချိန်း ယူရန် 0141 548 8116

**ကျေးဇူးတင်စကားနှင့် တိုင်တန်းမှုများ။**

သင်၏ ဝေဖန်သုံးသပ်ချက်ကို ထောက်ခံရန်ဆိုနေပါသည်။ သင်၏ ဝေဖန်သုံးသပ်ချက်သည် ကျွန်ုပ်တို့ ၏ ပြန်ကြားရေးနှင့် လုပ်ငန်းဆောင်တာများကို တိုးတက်စေပါသည်။

ကျွန်ုပ်တို့ ၏ ပြန်ကြားရေးနှင့် လုပ်ငန်းဆောင်တာများကို မည်သို့ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နိုင်သည်ကို အကြံပြုလိုပါလျှင် ကျွန်ုပ်တို့ ၏ feedback ပုံစံကို ဖြည့်ပါ။ ရုံးအဖွဲ့ မှ သော်၄င်း ကျွန်ုပ်တို့ ၏ ဝက်ဘ်ဆိုက်မှ သော်၄င်း၊ ရယူနိုင်ပါသည်။

http://www.scottishrefugeecouncil.org.uk/assets/0000/0183/Complaint_leaflet_English_March_2010.pdf

ဖြည့်စွက်ပြီးသော် ပုံစံကို ကျွန်ုပ်တို့ ၏ ရုံးသို့ပြန် ပို့ ပါ။ သင်သည် လူဝင်မှုကြီးကြပ်ရေး ကော်မရှင်နာရုံး Office of the Immigration Commissioner (OISC) ရုံးသို့ လည်း တိုင်တန်းနိုင်ပါသည်။: http://www.oisc.gov.uk/